## ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၇ /၂၀၁၁)**

**၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်**

**( ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )**

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန် ဆိုသည်မှာ အစိုးရအဖွဲ့က မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ပြီး အထူးစီးပွားရေးဇုန်တစ်ခုအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တည်ထောင်ခွင့် ပြုသည့်ဇုန်ကိုဆိုသည်။

(ခ) ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်၊ တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်၊ နိုင်ငံသား၊ ပြည်တွင်းနေ နိုင်ငံခြားသား၊ ပြည်ပနေ နိုင်ငံခြားသား အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့် ဝန်ဆောင်မှု လုပ်ငန်း ဆိုသည့် စကားရပ်များသည် မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(ဂ) ရင်းနှီးတည်ဆောက်သူ (Developer) ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်၏ အခြေခံ အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဖွံ့ဖြိုးတိုးတက်စေရန် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဒီဇိုင်းပုံစံပြုလုပ်ခြင်း၊ စီစဉ်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့် တင်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းကို လည်းကောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် သာယာလှပစေရန် ဖြည့်ဆည်း ဆောင်ရွက်

ခြင်းကို လည်းကောင်း တာဝန်ခံ ဆောင်ရွက်ခွင့်ပေးထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဃ) ရင်းနှီးမြှုပ်နှံသူ ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးအမျိုးအစားဖြင့် ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသော ပြည်တွင်းပြည်ပမှပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(င) စီမံကိန်း ဆိုရာတွင် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဗဟိုအဖွဲ့မှ ခွင့်ပြုထား သည့် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပင်လယ် ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊ စက်မှုနယ်မြေတည်ထောင်ခြင်း၊ ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့် လိုင်းများ ဓာတ်ငွေ့ပိုက်လိုင်းများနှင့် ရေနံပိုက်လိုင်းများ သွယ်တန်းခြင်း၊ လူနေရပ်ကွက်များ၊ အပန်းဖြေစခန်းများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ်ဂန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စီမံကိန်းများ ပါဝင်သည်။

(စ) ကုမ္ပဏီ ဆိုသည်မှာ စီမံကိန်းပါ လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီ ယင်းကုမ္ပဏီ၏ တစ်ပေါင်းတစ်စည်းတည်း သို့မဟုတ် လက်အောက်ခံ ကုမ္ပဏီ သို့မဟုတ် သို့မဟုတ် ကုမ္ပဏီများကိုဆိုသည်။

(ဆ) လုပ်ငန်းနေရာ ဆိုသည်မှာ စီမံကိန်းပါ လုပ်ငန်းများ တည်ထောင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ယင်းတို့၏ အထောက်အကူ ပြုလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးထား သော နေရာကိုဆိုသည်။

(ဇ) အစိုးရအဖွဲ့၊ ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ဆိုသည့် စကားရပ်များသည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

(ဈ) တာဝန်ခံဂန်ကြီးဌာန ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်းသည့် လုပ်ငန်းတာဝန်များကို တာဝန်ခံ ဆောင်ရွက်ရန် အစိုးရအဖွဲ့က သတ်မှတ် တာဝန်ပေးသော ပြည်ထောင်စုဂန်ကြီးဌာနကိုဆိုသည်။

(ည) စီမံခန့်ခွဲမှုကော်မတီ ဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်တွင် စီမံခန့်ခွဲရေးနှင့် ကြီးကြပ်လုပ်ငန်းများကို ဆောင်ရွက်ရန် ဗဟိုအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကိုဆိုသည်။

(ဋ) ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဆိုသည်မှာ ထားဝယ် အထူးစီးပွားရေးဇုန်တွင် စီမံခန့်ခွဲမှုကော်မတီအား အထောက်အကူပြုနိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသော ထားဝယ်အထူး စီးပွားရေးဇုန် အထောက်အကူပြု လုပ်ငန်းအဖွဲ့ကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၃ ပါ ရည်ရွယ်ချက်များနှင့်အညီ ထားဝယ်အထူးစီးပွားရေးဇုန်ကို ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ရန်၊

(ခ) အရှေ့တောင်အာရှဒေသ၏ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသော နေရာဒေသအဖြစ် ပေါ်ထွန်းစေရန်၊

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရန်၊

(င) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အခြေခံ အဆောက်အအုံများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်။

## အခန်း (၃)

## ထားဝယ်အထူးစီးပွားရေးဇုန်

၄။ ထားဝယ်အထူးစီးပွားရေးဇုန်သည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ ပုဒ်မ ၄ အရ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍သတ်မှတ်တည်ထောင်သောဇုန်ဖြစ်သည်။

၅။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ဖော်ပြပါဇုန်များ ပါဝင်သည်-

(က) အဆင့်မြင့်နည်းပညာစက်မှုဇုန်များ၊

(ခ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဇုန်များ၊

(ဂ) ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်များ၊

(ဃ) ဆိပ်ကမ်းနယ်မြေဇုန်များ၊

(င) ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဇုန်များ၊

(စ) သိပ္ပံနှင့်နည်းပညာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဇုန်များ၊

(ဆ) ဝန်ဆောင်မှုလုပ်ငန်းဇုန်များ၊

(ဇ) တစ်ဆင့်ခံကုန်သွယ်မှုဇုန်များ၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်ဇုန်များ။

၆။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် လုပ်ငန်းများနှင့် နေရာဒေသများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆိပ်ကမ်းလုပ်ငန်း၊

(ခ) စက်မှုလုပ်ငန်း၊

(ဂ) လျှပ်စစ်ဓာတ်အားနှင့် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဃ) ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ၊

(င) မော်တော်ကားလမ်းများ၊ အဝေးပြေးလမ်းမကြီးများနှင့် ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ၊

(စ) ပြည်တွင်းပြည်ပသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်ပို့ခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့သည့်ပိုက်လိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ၊

(ဆ) ကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှု လုပ်ငန်း၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း သတ္တုပစ္စည်းလုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ စသည့်ထုတ်လုပ်မှုကို အခြေခံသော လုပ်ငန်းများ၊

(ဇ) ကုန်သွယ်ရေး ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေး ကုန်သိုလှောင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူနေရပ်ကွက်များ၊ အခြေခံ အဆောက်အအုံ

ဖြည့်ဆည်းထောက်ပံ့ရေးဌာနများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်သည့် စိမ်းလန်းနယ်မြေများ အနားယူအပန်းဖြေစခန်းများ စသည့် ဝန်ဆောင်မှု လုပ်ငန်းများ၊

(ဈ) လမ်း၊ တံတား၊ လေဆိပ်၊ ဘူတာရုံ၊ ဆိပ်ကမ်း၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ ရေရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေးစသည့် အခြေခံအဆောက် အအုံ လုပ်ငန်းများ၊

(ည) ဗဟိုအဖွဲ့က အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခြား လုပ်ငန်းများ။

၇။ ပုဒ်မ ၄ အရ တည်ထောင်သည့် ထားဝယ်အထူးစီးပွားရေးဇုန်သည်-

(က) နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ဤဥပဒေအရ အကောင် အထည်ဖော်ဆောင်ရွက်သည့်ဇုန် ဖြစ်ရမည်။

(ခ) ဤဥပဒေနှင့်အညီ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းသဘာဝအလိုက် စီမံခန့်ခွဲသည့်ဇုန် ဖြစ်ရမည်။

(ဂ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးဖြင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် သုံးစွဲခြင်းများပြုသည့်ဇုန် ဖြစ်ရမည်။

(ဃ) ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များ ဖြစ်ထွန်းလာစေရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် တင်ပို့ရေးတို့ကို အခြေခံပြီး အပြည်ပြည်ဆိုင်ရာ စျေးကွက်နှင့် လိုက်လျောညီထွေမှု ရှိသည့် ဇုန် ဖြစ်ရမည်။

(င) အထူးစီးပွားရေးဇုန်နှင့် သက်ဆိုင်သော ရုံးလုပ်ငန်းများကို တစ်နေရာတည်း၌ တစ်စုတစ်စည်း တည်း မြန်ဆန်စွာ ဆောင်ရွက်ပေးသည့်စနစ်ကို ကျင့်သုံးသည့် ဇုန် ဖြစ်ရမည် ။

၈။ နိုင်ငံတော်သည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအား အောက်ပါ လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြစေရန် အားပေးမည်-

(က) အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖြစ်ထွန်းစေမည့် လုပ်ငန်းများ၊

(ဂ) ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှု ပိုမိုတိုးမြင့်စေမည့် လုပ်ငန်းများ၊

(ဃ) အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများ၊

(င) နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည့် လုပ်ငန်းများ၊

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ပါဝင်သည့် လုပ်ငန်းများ၊

(ဆ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊

(ဇ) ဦးစားပေးလုပ်ကိုင်ရန် ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြား လုပ်ငန်းများ။

## အခန်း (၄)

## ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

**ကော်မတီဖွဲ့စည်းခြင်း**

၉။ အစိုးရအဖွဲ့သည်-

(က) ပုဒ်မ ၁၀ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ကို သတ်မှတ်သော အစိုးရဌာန၊ အဖွဲ့အစည်းများ မှပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။ ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီး အဆင့် သတ်မှတ်သည်။ ဥက္ကဋ္ဌသည် ထားဝယ်အထူးစီးပွားရေးဇုန်ကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော် သမ္မတရုံး ဝန်ကြီးမှတစ်ဆင့် နိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန်ခံ ဆောင်ရွက်ရမည်။

(ဂ) စီမံခန့်ခွဲမှုကော်မတီတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ရမည်။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စီမံခန့်ခွဲမှုကော်မတီဝင်များ အစားထိုးခန့်ထားခြင်းနှင့် လိုအပ် သလို ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်နိုင်သည်။

(င) သင့်လျော်သော အခြားလုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၀။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်း အဖွဲ့များသို့ တင်ပြပြီး အတည်ပြုချက် ရယူခြင်း၊

(ခ) ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး မြေအသုံးပြုရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေး၊ လျှပ်စစ်စွမ်းအင်နှင့်ရေရရှိရေးစသည့် ထားဝယ်အထူးစီးပွားရေး ဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

(ဃ) ရင်းနှီးမြှုပ်နှံသူပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုးအမြတ်များနှင့် အခြားအခွင့်အရေးများအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) ထားဝယ်အထူးစီးပွားရေးဇုန်၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားသားများ ဖြစ်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ အလုပ်သမားများ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ပြည်ဝင်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့် ရရှိရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထားဝယ်အထူးစီးပွားရေးဇုန်တွင် ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ များအတွက် နိုင်ငံခြားငွေ လဲလှယ်ခြင်း၊ ငွေရေးကြေးရေး လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ပြုရာတွင်လည်းကောင်း လွယ်ကူချောမွေ့စေရန် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) ထားဝယ်အထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံများကို တာဝန်ယူဆောက်လုပ်မည့် ရင်းနှီးတည်ဆောက်သူများ ရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် ကုမ္ပဏီများနှင့်ညှိနှိုင်း၍ သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်းနှင့် ယင်းတို့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) တည်ဆဲဥပဒေအရ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုပေးသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း မြန်ဆန်စွာ ဆောင်ရွက်ပေးခြင်း၊

(ဈ) ထားဝယ်အထူးစီးပွားရေးဇုန်၏ ပင်မစီမံကိန်းနှင့်အညီ တည်ဆောက်ရေးလုပ်ငန်းများ၊ ဒီဇိုင်းပုံစံများကို စိစစ်အတည်ပြုခြင်း၊

(ည) ထားဝယ်အထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး အတွက် တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ စက်ရုံသုံးစွန့်ထုတ်ပစ္စည်း စွန့်ပြစ်ရေးစနစ်ကို စိစစ်ခြင်းနှင့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ကိုက်ညီစေရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်စေခြင်း၊

(ဋ) စီမံကိန်းအတွက် သတ်မှတ်ထားသောနေရာအတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းနေရာကို ခွဲဝေချထားခြင်း၊

(ဌ) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအကြားချုပ်ဆိုမည့် စာချုပ်စာတမ်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဗဟိုအဖွဲ့နှင့် ဗဟိုအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ခြင်း၊

(ဍ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် စီမံခန့်ခွဲမှုကော်မတီအား အထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ ကိုယ်စားလှယ်များ ပါဝင်သော ထားဝယ်အထူးစီးပွားရေးဇုန် အထောက်အကူပြု လုပ်ငန်းအဖွဲ့ကို ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ပ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေးရမည့်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဖ) ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သည့် အကူအညီများကို ရယူဆောင်ရွက်ခွင့်ရှိခြင်း၊

(ဗ) အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့က သီးခြားတာဝန်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ စီမံခန့်ခွဲမှုကော်မတီသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ယင်းတို့ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် သီးခြားကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေးအတွက် ဆောင်ရွက်ပေးရမည်။ ရင်းနှီးမြှုပ်နှံသူက အကြံဉာဏ်တောင်းခံလာပါက ယင်း၏ လုပ်ငန်းအတွက် သင့်လျော်သည့် နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများရရှိနိုင်ရန် ညှိနှိုင်းပေးရမည်။

**အခန်း (၅)**

**ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ**

၁၂။ ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ပါလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကုန်ကြမ်းပစ္စည်းမှ ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း၊ စက်ကိုအသုံးပြု၍ ကုန်ပစ္စည်း အဆင့်ဆင့်ထုတ်လုပ်ခြင်း၊ ကုန်လှောင်ရုံလုပ်ငန်း၊ လုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ ထုပ်ပိုးပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် စက်သုံးဆီများကို ပြည်တွင်း ပြည်ပမှ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းသို့ သယ်ယူတင်သွင်းခြင်း၊

(၃) ကူးသန်းရောင်းဝယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ ခြင်း၊

(၄)   ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ဆေးဝါးများနှင့် စားသောက်ကုန် ပစ္စည်းများမှအပ စံချိန်စံညွှန်းမမီသော်လည်း အသုံးပြု၍ရသော အခြား ပစ္စည်းများအား စီမံခန့်ခွဲမှုကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်း ဈေးကွက်၌ ရောင်းချခြင်း၊

(၅)   ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပြည်ပမှ ဝန်ဆောင်မှုလုပ်ငန်းများ၏ ရုံးများကို ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုမိန့် ဖြင့် တည်ထောင်ဖွင့်လှစ်၍လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၆)   ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊

(၇)   သံမဏိစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ ရေနံချက်စက်ရုံ ရေနံဓာတုစက်ရုံ၊ ကျောက်မီးသွေး သို့မဟုတ် သဘာဝဓာတ်ငွေ့စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံ စသည့်စက်မှုလုပ်ငန်းများ တည်ဆောက်ခြင်း၊

(၈)   ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၉)   စီမံကိန်းအတွက် သတ်မှတ်ထားသောဒေသမှ နယ်စပ်ဒေသအထိ ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် လိုင်းများ၊ ရေနံပိုက်လိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊

(၁၀)   လူနေထိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်သည့် အခြေခံ အဆောက်အအုံများ ခရီးသွားလုပ်ငန်း၊ အပန်းဖြေစခန်းများ ပါဝင်သည့် နေရာများတည်ထောင်ခြင်း၊

(၁၁)   တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားခြင်းမရှိသော အခြားစီးပွားရေး လုပ်ငန်းများကို စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ခ)   ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၁၃။   ရင်းနှီးမြှုပ်နှံသူသည်-

(က)   ထားဝယ်အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့ ရောင်းချရမည်။

(ခ)   ပြည်ပမှ တင်သွင်းလာသည့် သွင်းကုန်ပစ္စည်းများကို ကိုယ်တိုင် ထုတ်လုပ်မှု အတွက်သာ အသုံးပြုရန်ဖြစ်ပြီး ပြည်တွင်းတွင် ရောင်းချခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့ပါ ကုန်ပစ္စည်းများကို ပြည်တွင်းတွင် ရောင်းချလိုပါက စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်ရယူ၍ တည်ဆဲဥပဒေအရ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်သော အခွန်အခများ ပေးဆောင်ရမည်။

၁၄။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းလုပ်ကိုင်သည့် ရင်းနှီးမြှုပ်နှံသူ သည်-

(က) ထုတ်လုပ်မှု သို့မဟုတ် ဂန်ဆောင်မှုလုပ်ငန်း စတင်သည့်နေ့မှ ပထမ ငါးနှစ်အတွက် ပြည်ပ ရောင်းရငွေအပေါ် ဂင်ငွေခွန် ကင်းလွတ်ခွင့်လျှောက်ထားနိုင်သည်။

(ခ) ဒုတိယငါးနှစ်အတွက် ပြည်ပရောင်းရငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဂင်ငွေခွန်နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်လျှောက်ထားနိုင်သည်။

(ဂ) တတိယငါးနှစ်အတွက် ပြည်ပတင်ပို့ရောင်းချခြင်းမှ ရရှိသည် မြတ်စွန်းငွေကို ပြန်လည် ရင်းနှီးမြှုပ်နှံပါက ထိုရင်းနှီးမြှုပ်နှံသည့် မြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဂင်ငွေခွန် နှုန်းထား၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့် လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က)နှင့် (ခ)တို့ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကာလ ကုန်ဆုံးပြီးနောက် ဤဥပဒေအရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကို ထပ်မံခွင့်ပြုခြင်းမရှိလျှင်၊ တည်ဆဲ ဥပဒေအရ သတ်မှတ်သည့် ဂင်ငွေခွန်နှုန်းထားအတိုင်း ထမ်းဆောင်ရမည်။

၁၅။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများ အတွက် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ကာလကုန်ဆုံးပြီးနောက် ပို့ကုန်ပစ္စည်း တန်ဖိုးသည် ထုတ်လုပ် သည့် ပစ္စည်းတန်ဖိုး စုစုပေါင်းထက် အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ၅၀ ရာခိုင်နှုန်းထက် ကျော်လွန် လျှင်လည်းကောင်း၊ အလတ်စား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ၆၀ ရာခိုင်နှုန်းထက် ကျော်လွန်လျှင် လည်းကောင်း ၊ အသေးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ၇၀ ရာခိုင်နှုန်း ထက်ကျော်လွန်လျှင် လည်းကောင်း ထိုနှစ်အတွက် ဂင်ငွေခွန် သက်သာခွင့် လျှောက်ထားနိုင်သည်။

၁၆။ ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က) ရေရှည်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်နိုင်စေရန် အားပေးသည့် အနေဖြင့် အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းပြုလျှင် လုပ်ငန်းအမျိုး အစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ရောင်းရသည့်တန်ဖိုးတို့ပေါ် မူတည်ပြီး ရရှိသော မြတ်စွန်းငွေ၏

၅၀ ရာခိုင်နှုန်းထက် မပိုသည့် ဗဟိုအဖွဲ့က သတ်မှတ်သော ငွေပမာဏကို နိုင်ငံတော်သို့ ပေးသွင်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပေးသွင်းပြီး ကျန်ရှိသည့် မြတ်စွန်းငွေအပေါ် တည်ဆဲဥပဒေနှင့်အညီ အခွန်ပေးဆောင်ရမည်။

ခြွင်းချက်။ ။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ရေနံဓာတုဗေဒလုပ်ငန်းများ အတွက်ကိုမူ ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်း ထားဖြင့် ထမ်းဆောင်ရမည်။

(ဂ) ပစ္စည်းကို ငှားရမ်းခြင်းမှ ဝင်ငွေရရှိလျှင် ထိုရရှိသည့် ဝင်ငွေအတွက် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် ထမ်းဆောင်ရမည်။

(ဃ) ပြည်တွင်းမှ ရရှိသောအခွန်ထမ်းဆောင်ပြီးသည့် အမြတ်အပေါ် ခွဲဝေပေးသည့် အစုရှယ်ယာ ဝင်တစ်ဦးချင်း၏ အမြတ်ဝေစုများအတွက် ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်လျှောက် ထားနိုင်သည်။

၁၇။ ပြည်ပနေ နိုင်ငံခြားသားသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ဖွဲ့စည်း ထူထောင်ထားခြင်း မရှိသော်လည်း ပစ္စည်းနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးတစ်ခုခုအရ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့် ရရှိလျှင်-

(က) ခိုင်ကြေး၊ အတိုး၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်းနှင့် ပစ္စည်းဝယ်ယူခြင်းများအတွက် ပေးရမည့်ငွေများအပေါ်တွင် ဝင်ငွေခွန်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်း ထားနှင့်အညီ ငွေပေးချေသူက ပင်ရင်းမှ ဖြတ်တောက်၍ သက်ဆိုင်ရာသို့ ပေးသွင်းရမည်။

(ခ) ငှားရမ်းခနှင့် အလားတူ အခြားရငွေများအပေါ် တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် ငွေပေးချေသူက ပင်ရင်းမှ ဖြတ်တောက်၍ သက်ဆိုင်ရာသို့ ပေးသွင်းရမည်။

၁၈။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ လုပ်ငန်းများတွင် လုပ်ကိုင်သည့် ပြည်တွင်းပြည်ပမှ ဝန်ထမ်းနှင့် အလုပ်သမားများ ရရှိသော ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးအမျိုးအစားဖြင့် လစာ၊ ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကို တည်ဆဲဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန်နှုန်းထားဖြင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

၁၉။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဝန်ဆောင်မှု လုပ်ငန်းများသည်-

(က) လုပ်ငန်းဆောင်ရွက်မှု စတင်သည့်နှစ်မှ သတ်မှတ်ကာလအထိ ကုန်သွယ်လုပ်ငန်းခွန်ကို သတ်မှတ်သည့်အတိုင်း လျှော့ပေါ့သက်သာခွင့် ရနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လျှော့ပေါ့သက်သာခွင့် ကုန်ဆုံးပြီးနောက် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် အညီ ကုန်သွယ်လုပ်ငန်းခွန် ထမ်းဆောင်ရမည်။

၂၀။ ထားဝယ်အထူးစီးပွားရေးဇုန်မှ ထုတ်လုပ်သည့် ပို့ကုန် ပစ္စည်းများနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် သို့မဟုတ် တန်ဖိုးထပ်ဖြည့်ခွန် ကင်းလွတ်ခွင့် လျှောက်ထားနိုင်သည်။

၂၁။ ရင်းနှီးမြှုပ်နှံသူအား-

(က) ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်အတွင်း တည်ထောင်ထားသော ပို့ကုန်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းများအတွက် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်ဖြင့် ပြည်ပမှ တင်သွင်းခွင့် ပြုနိုင်သည်။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုမည့် ယာဉ်အွန္တရားများ၊ မော်တော်ယာဉ်များကို လုပ်ငန်း စတင်သည့်နှစ်မှ ၅နှစ်အတွင်း အကောက်ခွန်နှင့် အခြားအခွန်အခများ ကင်းလွတ်ခွင့်ဖြင့်လည်းကောင်း၊ တစ်ဆက်တည်း နောက်ထပ်၅နှစ်အထိ အကောက်ခွန်နှင့်အခြား အခွန်အခများ၏ ၅၀ ရာခိုင်နှုန်း သက်သာခွင့်ဖြင့် လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ပြည်ပမှ တင်သွင်းခွင့်ပြုနိုင်သည်။

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်မှအပ အခြားဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ပစ္စည်းများကို ပြည်တွင်းပြည်ပ မှ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အခွန်အခများ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ကို တည်ဆဲဥပဒေနှင့်အညီ ခံစားခွင့်ပြုနိုင်သည်။

၂၂။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် အတွေ့အကြုံများပြီး စွမ်းဆောင်ရည် မြင့်မားသော ရင်းနှီးမြှုပ်နှံသူများကို လည်း ပါဝင်ဆောင်ရွက်နိုင်စေရန် ဥပဒေနှင့်အညီ တင်ပြခွင့်ရှိသည်။

## အခန်း (၆)

## ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ သီးခြားတာဝန်များ

၂၃။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် နေထိုင်သော ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံ သူနှင့် ၎င်း၏ အလုပ်သမားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများနှင့် မိသားစုတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် မြန်မာနိုင်ငံ၏ အခြားတည်ဆဲဥပဒေများကိုလည်း လိုက်နာကြရမည်။

၂၄။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ လုပ်ငန်းနှင့် စပ်လျဉ်းသည့် ငွေပေး၊ ငွေယူရှင်းတမ်းတွင် ပိုငွေဖြစ်ပေါ်စေရမည်။

၂၅။ ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်အတွင်းရှိ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍

(က) လိုအပ်သော စီမံခန့်ခွဲရေး အဖွဲ့အစည်းများ၊ ရုံးဌာနများ၊ စက်မှုလုပ်ငန်းများနှင့် သိုလှောင်ရုံများကို ဇုန်အတွင်း၌သာ တည်ရှိစေရမည်။

(ခ) အသုံးမပြုရသေးသည့် ကုန်ကြမ်းပစ္စည်းများ ထုပ်ပိုးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနက အသိအမှတ်ပြုသော ကုန်လှောင်ရုံ သို့မဟုတ် သိုလှောင်ရုံ အတွင်း၌သာ ထိန်းသိမ်းထားရှိရမည်။

၂၆။ ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်မှအပ အခြားဇုန်များမှ ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုန်ကြမ်းပစ္စည်းများ တင်သွင်းရာတွင် အခွန်အကောက်များကို ကြိုတင်ပေးဆောင် ထားပြီး ပို့ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့သည့်အခါ ပုဒ်မ ၂၁ အရ ကင်းလွတ်ခွင့်ပြုထားသည့် အခွန်အကောက်များကို ပြန်လည်လျှော့ထားတောင်းခံနိုင်သည်။

၂၇။ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ ပေးဆောင်ရန် တာဝန် ရှိသည့် ရင်းနှီးမြှုပ်နှံသူသည်-

(က) အခွန်အခကို သတ်မှတ်ထားသော ကာလအတွင်း ပေးဆောင်ရမည်။ သတ်မှတ်ထားသောကာလထက် ကျော်လွန်ပြီးနောက် ထပ်မံတိုးမြှင့်၍ ခွင့်ပြုပါက ပေးဆောင်ရမည့် အခွန်အခ၏ ၀.၅ ရာခိုင်နှုန်းကို ထိုထပ်မံခွင့်ပြုသည့် ကာလ၏ နေ့ရက် အသီးသီးအတွက် နေ့စဉ်ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

(ခ) အခွန်အခပေးဆောင်ရန် တိမ်းရှောင်ခြင်း၊ ထပ်မံခွင့်ပြုထားသော ကာလထက် ကျော်လွန်၍ အခွန်အခပေးဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးဆောင်ရန် ငြင်းဆန်ခြင်းပြုပါက ပေးဆောင်ရမည့် အခွန်အခ၏ ငါးဆထက်မပိုသော ဒဏ်ကြေးငွေကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ပြုစုတင်ပြသော စာရင်းဇယားများကို တမင်မမှန်မကန် ပြုလုပ်တင်ပြကြောင်း နိုင်လုံသော သက်သေခံ အထောက်အထားများပေါ်ပေါက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

(ဃ) အခွန်ကိစ္စနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်ပါက အခွန်ငွေကို ဦးစွာ ပေးဆောင်ပြီးမှသာ သက်ဆိုင်ရာဌာနသို့ ယင်းကိစ္စအား ပြန်လည်စိစစ်ပေးရန် လျှောက်ထားခွင့်ရှိသည်။

၂၈။ ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် လုပ်ကိုင်မည့်လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို စီမံခန့်ခွဲမှုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံတင်ပြရမည်။

(ဂ) လုပ်ငန်းဆိုင်ရာ စာရင်းဇယားနှင့် ငွေစာရင်းများကို မှန်ကန်စွာပြုစု၍ မှတ်တမ်းများ ထားရှိခြင်း၊ စာရင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၏ စာရင်းစစ်ဆေးခံယူခြင်းနှင့် အစီရင်ခံခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်း လုပ်ငန်းများမှ ပျက်စီးယိုယွင်း၍ အသုံးမပြုနိုင်သော စံချိန်စံညွှန်းမမီသော ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းများကို စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ရယူပြီးမှ ဖျက်ဆီးရမည်။

၂၉။ ရင်းနှီးမြှုပ်နှံသူသည်-

(က) မိမိ၏ လုပ်ငန်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်း ရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်လိုပါက စီမံခန့်ခွဲမှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်ရမည်။

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာ စာချုပ်ပါ အငြင်းပွားမှု ဖြေရှင်းနည်းများနှင့်အညီ ဖြေရှင်းရမည်။

(ဂ) မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာ တစ်စိတ်တစ်ပိုင်း ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ရရှိမှသာ လွှဲပြောင်းရောင်းချနိုင်သည်။

(ဃ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုရန် တင်သွင်းခဲ့သော ယာဉ်အန္တရာယ်များ၊ မော်တော်ယာဉ်များအား လုပ်ငန်း၌အသုံးပြုရန် မလိုအပ်သည့် အခါတွင် ဖြစ်စေ၊ လုပ်ငန်းပြီးဆုံးသည့်အခါတွင်ဖြစ်စေ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ တည်ဆဲဥပဒေ ၊ သတ်မှတ်ချက်များအတိုင်း လွှဲပြောင်းရောင်းချနိုင်သည်။

၃၀။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအနက် သီးခြားကျွမ်းကျင်မှု လိုအပ်သည့် လုပ်ငန်းများမှအပ အခြား လုပ်ငန်းများကို နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများကို ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံရမည်။

၃၁။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် မိမိ လုပ်ငန်းနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် လေထုညစ်ညမ်းမှုမဖြစ်စေရန် တာဝန်ယူရမည်။

၃၂။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများ အတွက် သတ်မှတ်သည့် ငှားရမ်းခများ အသုံးပြုခများနှင့် လုပ်ငန်းလုပ်ဆောင်ခွင့်အတွက် ကာလအပိုင်း အခြားဖြင့် ပေးချေရန်ငွေများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးချေရမည်။

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများ အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်ဘဏ်အာမခံ တင်သွင်းရမည်။

(ဂ) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများ အနက် သတ်မှတ်ထားသော လုပ်ငန်းများအတွက် အစုရှယ်ယာပိုင်ဆိုင်ခွင့်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လွှဲပြောင်းပေးရမည်။

(ဃ) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ ယင်းဇုန်နှင့် ဆက်စပ်သည့် အခြားဒေသများကို ဖြတ်သန်း၍ လမ်း၊တံတား၊ ရထားလမ်း ဖောက်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်သည့်လိုင်းများ၊ ရေနံပိုက်လိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လည်းကောင်း လုပ်ငန်းတစ်ခုချင်းအလိုက် တည်ဆဲဥပဒေများနှင့်အညီ စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရမည်။

## အခန်း (၇)

## မြေအသုံးပြုခြင်း

၃၃။ ဇုဟိုအဖွဲ့သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် သတ်မှတ် မြေငှားရမ်းခ သို့မဟုတ် မြေအသုံးပြုခ ပေးသွင်းစေပြီး ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို အနည်းဆုံးနှစ် ၃၀ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက အကြီးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် တစ်ဆက်တည်း သက်တမ်းတိုး ခွင့် ၃၀ နှစ်နှင့် ယင်းသက်တမ်း ကုန်ဆုံးပြီး ထပ်မံ၍ ၁၅ နှစ်သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက အလတ်စား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တစ်ဆက်တည်းသက်တမ်းတိုးခွင့် ၁၅ နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ ၁၅ နှစ် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင် လိုပါက အသေးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တစ်ဆက်တည်း သက်တမ်းတိုးခွင့် ငါးနှစ်နှစ်ကြိမ်ဖြင့် သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(င)	ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုနိုင်သည်။

၃၄။	ဗဟိုအဖွဲ့က ခွင့်ပြုထားသည့် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ မြေပေါ်တွင် လူနေအိမ်ခြေ များ၊ အဆောက်အအုံများ၊ လယ်ယာယာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန်ရှိပါက ယင်းတို့အား ပြောင်းရွှေ့နေရာချထားခြင်းနှင့် လျော်ကြေးပေးခြင်း တို့အတွက် ကုန်ကျစရိတ်များကို ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ကျခံရမည်။ ထို့ပြင်ပြောင်းရွှေ့ရသူများအတွက် မူလအဆင့်အတန်းထက် မနိမ့်ကျစေရန်နှင့် ယင်းတို့၏ အခြေခံ လိုအပ်ချက်များ ပြည့်စုံစေရန် ဆောင်ရွက်ပေးရမည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသည် အဆိုပါလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးမည်။

၃၅။	ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က)	မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

(ခ)	လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် မြေနှင့် အဆောက်အအုံများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်သည့်ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။ ရောင်းချခြင်းပြုလျှင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ)	မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားကို ခွင့်ပြုချက် မရှိဘဲ ပြုပြင်ပြောင်းလဲခြင်း မပြုရ။

(ဃ)	မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေ၏ မြေပေါ်မြေအောက်၌ခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတ တွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းအကြောင်းကြားရမည်။ စီမံခန့်ခွဲမှုကော်မတီကခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်

လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရရှိလျှင် အစားထိုး စီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ ဆောင်ရွက်ရမည်။

(င) ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသောမြေတွင် ခွင့်ပြုသည့် လုပ်ငန်းများကို အမှန် တကယ် အကျိုးရှိစွာ ဆောင်ရွက်စေရေးကို ရည်ရွယ်သည်။ သို့ဖြစ်၍ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် နေ့ရက်မှ နှစ်နှစ်အထိဖြစ်စေ၊ မူလစာချုပ်ပါ ကာလအတွင်းဖြစ်စေ စာချုပ်ပါ လုပ်ငန်းကို အပြီးဆောင်ရွက်ရမည်။ ပြီးစီးခြင်း မရှိလျှင် ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း ခံရမည့်အပြင် ယင်းမြေကို ပြန်လည်အပ်နှံပြီး မြေပေါ်ရှိ အဆောက်အအုံများကိုလည်း ဖယ်ရှားပေးရမည်။

၃၆။ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင် အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအတွက် မြေငှားရမ်းခများ၊ မြေအသုံးချမှု ပရီမီယံကြေးများကို တည်ဆဲဥပဒေများ၊ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ပေးချေရမည်။

**အခန်း (၈)**

**ဘဏ်နှင့်ငွေရေးကြေးရေးစီမံခန့်ခွဲခြင်းနှင့် အာမခံလုပ်ငန်း**

၃၇။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများသည် မြန်မာနိုင်ငံ အတွင်းရှိနိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် ဘဏ်တစ်ခုခုတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခွင့်ရှိပြီး နိုင်ငံခြားငွေဖြင့် ရငွေ၊ ပေးငွေကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၈။ ထားဝယ်အထူးစီးပွားရေးဇုန်တွင်း ရင်းနှီးမြှုပ်နှံသူအား-

(က) ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း သို့မဟုတ် လုပ်ငန်းများ လုပ်ကိုင်ခြင်းပြုသည့် ကာလအတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့က သတ်မှတ်သည့် ငွေကြေးဖြင့် တန်ဖိုးသတ်မှတ်ခွင့် နှင့် ပေးချေခွင့် ပြုနိုင်သည်။

(ခ) မိမိတို့၏ နိုင်ငံခြားသုံးငွေကို ထားဝယ်အထူး စီးပွားရေးဇုန်အတွင်း၌ ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လဲလှယ်ခွင့်နှင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

၃၉။ နိုင်ငံခြားအာမခံကုမ္ပဏီများနှင့် ဖက်စပ်အာမခံကုမ္ပဏီများသည် ထားဝယ်အထူးစီးပွားရေးဇုန် အတွင်း ယင်းတို့၏ ကိုယ်စားလှယ်ရုံးများနှင့် အာမခံလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင် ခွင့်ရှိသည်။

## အခန်း (၉)

## အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးခြင်း

၄၀။ လုပ်ငန်းသဘာဝ မတူညီသော ဇုန်အမျိုးမျိုး ပေါင်းစပ်ထားသည့် ထားဝယ်အထူးစီးပွားရေး ဇုန်အတွင်း ရှိ ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်များနှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်တို့သည်-

(က) အကောက်ခွန်ဦးစီးဌာနနှင့် သက်ဆိုင်သော လုပ်ငန်းများကို ယင်းဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

(ခ) အဆိုပါဇုန်များအတွင်းသို့ သွင်းယူလာမည့် သို့မဟုတ် ဇုန်ပြင်ပသို့ ထုတ်ယူသွားမည့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးယာဉ် ယန္တရားများ၊ ကိုယ်ပိုင်အသုံးအဆောင် ပစ္စည်း များနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့် တည်ဆဲအကောက်ခွန်ဥပဒေ၊ နည်းဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက ယင်းဇုန်များအား စစ်ဆေးပြီး လုံခြုံမှုရှိကြောင်း အတည်ပြုလျှင် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်း များ စတင်ဆောင်ရွက်ခွင့်ရှိသည်။

၄၁။ အကောက်ခွန်ဦးစီးဌာနသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်း ထုတ်လုပ်မှု ဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံသော လုပ်ငန်းနှင့် စပ်လျဉ်းသည့်-

(က) ကုန်ကြမ်းပစ္စည်းနှင့် ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ် ခြင်းနှင့် ပြည်တွင်းပြည်ပသို့ တင်ပို့ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံသူအား ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်အတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်း မရှိသော လက်လီလက်ကားရောင်းချခြင်း၊ အထွေထွေ ကုန်သွယ်ခြင်းနှင့် ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းတို့ကို ခွင့်မပြုရ။

၄၂။ အကောက်ခွန်ဦးစီးဌာနသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ပို့ကုန်ပစ္စည်း ထုတ်လုပ်မှု ဇုန်နှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်များတွင် လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူများက အောက်ပါကိစ္စရပ်များ ဆောင်ရွက်ရာ ၌ ဤဥပဒေနှင့် တည်ဆဲအကောက်ခွန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက် စေရန် ကြီးကြပ်ရမည်-

(က) နိုင်ငံခြားတိုင်းပြည်များနှင့် ယင်းဇုန်များအကြား ကုန်ပစ္စည်းများ ရွှေ့ပြောင်း သယ်ဆောင်ခြင်း၊

(ခ) ယင်းဇုန်များနှင့် အခြားအထူး စီးပွားရေးဇုန်များအကြား ကုန်ပစ္စည်းများ ရွှေ့ပြောင်း သယ်ဆောင်ခြင်း၊

(ဂ) ယင်းဇုန်များအတွင်း ကုန်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊

(ဃ) ယင်းဇုန်များသို့ဖြစ်စေ၊ ယင်းဇုန်များအတွင်းမှဖြစ်စေ သယ်ယူပို့ဆောင်ရေးယာဉ်များ ဝင်ထွက်သွားလာခြင်းနှင့် ကိုယ်ပိုင်သုံးပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်ခြင်း။

၄၃။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူသည် ပို့ကုန်ပစ္စည်း ထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံကုန်သွယ်မှုဇုန်များအတွင်း သတ်မှတ်ချက်များနှင့်အညီ-

(က) ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ အရန်ပစ္စည်းများ၊ အစိတ်အပိုင်းများနှင့် ကိရိယာတန်ဆာပလာများ၊ ထုပ်ပိုးသည့် ပစ္စည်းများနှင့် တစ်ဝက်တစ်ပျက် ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှ တိုက်ရိုက် ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တိုက်ရိုက်ဝယ်ယူသော ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာနက စစ်ဆေးပြီး အတည်ပြုချက် ရယူရမည်။

၄၄။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်းမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူရာတွင် ပြည်ပပို့ကုန်တင်ပို့မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးသည့် ရောင်းချသူထံမှ ဝယ်ယူတင်သွင်းရမည်။

၄၅။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ပို့ကုန်ပစ္စည်းထုတ်လုပ်မှုဇုန်နှင့် တစ်ဆင့်ခံ ကုန်သွယ်မှုဇုန်များအတွင်းသို့ ပို့ကုန်ပစ္စည်းထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းနှင့် ပစ္စည်းကိရိယာများ တင်သွင်းရာတွင် လည်းကောင်း၊ ပို့ကုန်ပစ္စည်းများကို ပြည်ပသို့ အပြီးအပိုင်တင်ပို့ရာတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံသူများက သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှင် အကောက်ခွန်ဦးစီးဌာနသည် တစ်ကြိမ်တည်း ကြေညာခွင့်ပြုခြင်း၊ အထောက်အထားစာရွက်စာတမ်းများကို တစ်ကြိမ်တည်း စစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းများကို တစ်ကြိမ်တည်း စိစစ်ခြင်းတို့ကို ပြုရမည်။

## အခန်း (၁၀)

## ကူးစက်ရောဂါရှိ မရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါ ပြန့်ပွားမှု မရှိစေရန်

**သီးသန့်ထားရှိခြင်း**

၄၆။ ကူးစက်ရောဂါကာကွယ်ရေးဌာနမှ တာဝန်ရှိသူသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းသို့ တိုက်ရိုက်တင်သွင်းမည့် သို့မဟုတ် ထားဝယ်အထူးစီးပွားရေးဇုန်မှ ဇုန်ပြင်ပသို့ တိုက်ရိုက်သယ်ယူပို့ဆောင်မည့် ပစ္စည်းများ၊ ယာဉ်များ၊ ကုန်သေတ္တာများ၊ တိရစ္ဆာန်များနှင့် အပင်များကို ဆိပ်ကမ်း၊ လေဆိပ်၊ ဘူတာရုံနှင့် ထားဝယ်အထူးစီးပွားရေးဇုန် တစ်ခုနှင့်တစ်ခုအကြား ပို့ဆောင်ရာတွင် ကူးစက်ရောဂါရှိ မရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် သီးသန့် ထားရှိခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) ပို့ကုန် သွင်းကုန် ပစ္စည်းများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ထားဝယ်အထူး စီးပွားရေးဇုန် အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ဖြစ်စေ ကူးစက်ရောဂါရှိ မရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါ ပြန့်ပွားမှု မရှိစေရန် သီးသန့်ထားရှိခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အလုပ်သမားရေးရာကိစ္စရပ်များ

၄၇။ စီမံခန့်ခွဲမှုကော်မတီသည် ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း-

(က) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုစေရေးအတွက် ကြီးကြပ်ရမည်။

(ခ) အလုပ်ခန့်ထားရေးသဘောတူစာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့် တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ အလုပ်ထုတ်နစ်နာကြေးနှင့် အလုပ်သမားလျော်ကြေး စသည်တို့ အပါအဝင် တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများ ရရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဂ) အလုပ်ရှင်နှင့် အလုပ်သမား အတတ်ပညာရှင် သို့မဟုတ် ဂန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းခြင်းနှင့် ဖျန်ဖြေခြင်းပြုရမည်။

(ဃ) အလုပ်သမား အတတ်ပညာရှင်နှင့် ဂန်ထမ်းတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ နစ်နာဆုံးရှုံးခြင်းမရှိစေရန် စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းပြုနိုင်သည်။

(င) အလုပ်သမားနှင့် ဂန်ထမ်းတို့၏ အနည်းဆုံးလုပ်ခကို သတ်မှတ်ပေးနိုင်သည်။

၄၈။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် အလုပ်ရှင်နှင့် အလုပ်သမား၊ အတတ်ပညာရှင် သို့မဟုတ် ဂန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို စီမံခန့်ခွဲမှုကော်မတီက စေ့စပ်ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းပြုသော်လည်း ပြေလည်မှုမရလျှင် မြန်မာနိုင်ငံ၏ ဂါဏိဇပဋိပက္ခမှု အက်ဥပဒေအရ အဆုံးအဖြတ်ကို ခံယူရမည်။

၄၉။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသားများသည် မြန်မာနိုင်ငံမှ ထုတ်ပေးသော အလုပ်လုပ်ခွင့်လက်မှတ် ရှိရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည် ထားဝယ်အထူးစီးပွားရေးဇုန်တွင်-

(က) ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဂန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်ကုန်ဆုံးသည့် အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ် ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ် ကုန်ဆုံးသည့်အချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားနိုင်ရန် နိုင်ငံသားဂန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်။

(ဃ) အလုပ်သမားစုဆောင်းခြင်းကို အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးမှ လည်းကောင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး ကိုယ်စားလှယ်များမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူ၏ အစီအစဉ်ဖြင့် လည်းကောင်း ဆောင်ရွက်ရမည်။

(င) နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာတွင် တည်ဆဲအလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုး၍ ခန့်ထားရမည်။

## အခန်း (၁၂)

## အထွေထွေ

၅၁။ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်း နိုင်ငံပိုင်သိမ်းယူခြင်းမပြုဟု အာမခံသည်။

၅၂။ အစိုးရအဖွဲ့သည် ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ တံတား စသည့် အခြေခံ အဆောက်အအုံလုပ်ငန်းများကို ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်း( Bot-built, operate and transfer) စနစ်ဖြင့်သော်လည်းကောင်း၊ အခြားစနစ်တစ်ခုခုဖြင့်သော်လည်းကောင်း ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါက စိစစ်၍ ခွင့်ပြုနိုင် သည်။

၅၃။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများသည် ယင်းတို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၅၄။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနတို့မှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ ရရန်ရှိသော အခွန်အခများနှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်၊ အခ ဥပဒေများနှင့်အညီ အရ ကောက်ခံရမည်။

၅၅။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့် ကိစ္စရပ်များသည် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေတွင် ပါရှိပါက ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

၅၆။ အစိုးရအဖွဲ့သည် တာဝန်ခံဝန်ကြီးဌာန သို့မဟုတ် အခြားဝန်ကြီးဌာန တစ်ခုခုအား စီမံခန့်ခွဲမှု ကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်များကို ကျခံရန် တာဝန်ပေး အပ်နိုင်သည်။

၅၇။ အစိုးရအဖွဲ့သည် ထားဝယ်အထူးစီးပွားရေးဇုန်တစ်ခုခုအတွက် လိုအပ်ပါက ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အထူးကော်မတီ တစ်ရပ်ရပ်ကို လည်းကောင်း၊ စီမံခန့်ခွဲရေး နှင့် ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်ရပ်ကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ဤဥပဒေပါ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးနိုင်သည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဗဟိုအဖွဲ့နှင့် စီမံခန့်ခွဲမှုကော်မတီ တို့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ